ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနတွင် ကျင်းပပြုလုပ်သည့်

ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲမှ သဘောတူညီချက်များ

ရက်စွဲ၊ ၂၀၁၃ခုနှစ်၊မတ်လ ၂၃ ရက်

နေ ရာ၊ ရန် ကုန် မြို့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ နှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ၏ ထပ်မံ တိုးချဲ့ဖွဲ့စည်းသော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်ဖက် အကြေအလည် ဆွေးနွေးခဲ့ကြပြီး အောက်ဖော်ပြပါ ကိစ္စရပ်များကို သဘောတူကြသည်။

<u>ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရေးကိစ္စ</u>

၁။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပြည်နယ်အစိုးရအာဏာပိုင်များနှင့် PNLO ကိုယ်စားလှယ် အဖွဲ့တို့ သဘောတူခဲ့သော နှစ်ဦးနှစ်ဖက် တိုက်ခိုက်မှုများ ရပ်ဆိုင်းရေး သဘောတူညီချက်သည် ယနေ့ အချိန်အထိ ခိုင်မာလျက် ရှိသည်။ PNLO အတွက် သတ်မှတ် ပေးထားသော လှုပ်ရှားနယ်မြေအတွင်းသို့ အခြား အပစ်ရပ် လက်နက်ကိုင် အင်အားစုများ ဝင်ရောက် လှုပ်ရှားမှုရှိပါက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီက ကူညီဖြေရှင်းပေးရန် သဘောတူပါသည်။

<u>Code of Conduct ကိစ္စ</u>

၂။ Code of Conduct ကိစ္စသည် အပစ်ရပ်အဖွဲ့အားလုံးအတွက် တပြေးညီ လက်ခံကျင့်သုံးရမည့် "မူ" ဖြစ်သည့် အတွက် ဆက်လက်၍ လေ့လာသုံးသပ် ဆွေးနွေးသွားရန် နှစ်ဖက် သဘောတူညီသည်။

<u>ဆက်ဆံရေး၊ စီးပွားရေးရုံးများကိစ္စ</u>

၃။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်အရ တောင်ကြီးမြို့တွင် လက်နက်မပါ ဆက်ဆံရေးရုံးကို ဖွင့်လှစ်ပြီးဖြစ်သည်။ ဆီဆိုင်မြို့၊ မောက်မယ်မြို့များတွင် လက်နက်မပါ ဆက်ဆံရေးရုံးများ ဆက်လက်ဖွင့်လှစ်နိုင်ရေးနှင့် သထုံမြို့တွင် စီးပွားရေးရုံး တစ်ရုံး ဖွင့်လှစ်ရန် နှစ်ဖက် သဘောတူညီသည်။

<u>နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ရေးကိစ္စ</u>

၄။ PNLO တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဥပဒေနှင့်အညီ တရားဝင် နိုင်ငံသား မှတ်ပုံတင်ရရှိရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ကူညီဆောင်ရွက်ပေးသွားရန် နှစ်ဖက်သဘောတူညီသည်။

<u>ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍ</u>

၅။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ယခင် သတ်မှတ်ထားသော ကဒူးကြီးဒေသတွင် ကဒူးကြီး-မယ်ဩ ကားလမ်း ဖောက်လုပ်ရန် ကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြသွားရန်၊

(ခ) အရေးပေါ်နှင့် ပုံမှန် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ရရှိရေးအတွက် ပွင့်လင်းမြင်သာမှုကို အခြေခံလျက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊

(ဂ) ပရဟိတ လုပ်ငန်းများ ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ NGO များ၊ အလှူရှင်များအား တည်ဆဲဥပဒေနှင့်အညီ ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်၊

(ဃ) ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အစီအစဉ်များ အပါအဝင် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများ၊ PNO/PNA အဖွဲ့ဝင်များသည် တည်ဆဲဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန်၊

(င) မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် အစားထိုး သီးနှံစိုက်ပျိုးရေးကို နိုင်ငံတော်က ကူညီပံ့ပိုးရန်၊

(စ) စိုက်ပျိုးရေးကို အခြေခံသည့် ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်မှ ကူညီပံ့ပိုးရန် တို့ကို နှစ်ဖက် သဘောတူသည်။

<u>စီးပွားရေးကဏ္ဍ</u>

၆။ PNLO အဖွဲ့မှ သတ္တုလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကုန်စည်သိုလှောင်ရုံ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများ ထူထောင်နိုင်ရေးကို တည်ဆဲဥပဒေအရ ဆောင်ရွက်သွားရန် နှစ်ဖက် သဘောတူညီသည်။



<u>မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကဏ္ဍ</u>

၇။ သတ်မှတ်ထားသော ကဒူးကြီး-မယ်ဩ ကုန်သွယ်လမ်းတလျှောက် မြေမြှုပ်မိုင်းရှင်းလင်းရေးကို မြန်မာနိုင်ငံ မိုင်းရှင်းလင်းရေး ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

<u>လူငယ်၊ အမျိုးသမီးနှင့် အလုပ်သမားကဏ္ဍ</u>

၈။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပအိုဝ်းလူငယ်၊ အမျိုးသမီးနှင့် အလုပ်သမားများ အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး အတွက် အသိအမှတ်ပြု ကူညီဆောင်ရွက်ပေးရန်၊

(ခ) အမျိုးသားနိုင်ငံရေး လုပ်ငန်းအဆင့်ဆင့်တွင် ပအိုဝ်းလူငယ်၊ အမျိုးသမီးနှင့် အလုပ်သမားများ ပါဝင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊

(ဂ) ပအိုဝ်းအမျိုးသားညီလာခံ၊ လူငယ်ညီလာခံ၊ အမျိုးသမီးညီလာခံ၊ အလုပ်သမား ညီလာခံများကို တည်ဆဲဥပဒေနှင့်အညီ ကျင်းပနိုင်ရန်၊

(ဃ) ပအိုဝ်းလူထုကြား လူထုကွန်ယက်၊ မီဒီယာ၊ စာနယ်ဇင်းလုပ်ငန်း၊ အသံလွှင့်လုပ်ငန်းများကို တည်ဆဲဥပဒေနှင့် အညီ ထူထောင်ခွင့်ပြုရန်၊

(င) လူငယ်၊ အမျိုးသမီး၊ အလုပ်သမားများ အရည်အချင်းမြှင့်တင်ရေး စီမံချက်များ တည်ဆဲဥပဒေ နှင့်အညီ လုပ်ဆောင်ခွင့်ပြုရန် သဘောတူသည်။

<u>နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ကဏ္ဍ</u>

၉။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် သဘောတူညီချက်များ ရရှိပြီးနောက် နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်ဦးနှစ်ဖက် သဘောတူသည်။

(မှတ်ချက် ။ ယင်းသို့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရာတွင် PNLO အဖွဲ့ဝင်အဖြစ် ပါဝင်နေသော UNFC တပ်ပေါင်းစုနှင့် တပေါင်းတစည်းတည်း ဆွေးနွေးရန်တင်ပြချက်ကို မှတ်တမ်းတင်သည်။)

<u>ဆွေးနွေးရေးမူ</u>

၁၀။ နှစ်ဖက်စလုံးတွင်ရှိသော အခက်အခဲ ပြဿနာကိစ္စရပ်များကို အဖွဲ့ကြီးငယ်၊ ကိစ္စကြီးငယ်



မချွန်းလုပ်ဘဲ အကြေအလည် ဆွေးနွေးအဖြေရှာရေးကို ဆက်လက် ပြုလုပ်ကြမည့် နိုင်ငံရေးအရတွေ့ဆုံ ဆွေးနွေးမှုများတွင် အခြေပြုကိုင်စွဲရမည့် ဆွေးနွေးရေးမူအဖြစ် နှစ်ဦးနှစ်ဖက်သဘောတူညီဆုံးဖြတ်သည်။

အထက် ဖော်ပြပါ သဘောတူညီချက်များကို အသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် သဘောတူ အတည်ပြု လက်မှတ် ရေးထိုးကြပါသည်။

| | |
|---|---|
| ------------------------------ | ------------------------------ |
| ဗိုလ်မှူးကြီးခွန်ဥက္ကာ | ဦးအောင်မင်း |
| (ဥက္ကဋ္ဌ) | ပြည်ထောင်စုဝန်ကြီး |
| ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ------------------------------ | ------------------------------ |
| ဦးခွန်မြင့်ထွန်း | ဦးခင်မောင်စိုး |
| အထွေထွေအတွင်းရေးမှူး | ပြည်ထောင်စုဝန်ကြီး |
| ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |